# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
# ကုန်သွယ်ရေးဦးစီးဌာန
# ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ ( ၁၂ /၂၀၂၀ )

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ၊ စက်တင်ဘာလ ၁၅ ရက်

အကြောင်းအရာ။ **ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်များအား သက်တမ်း ယာယီတိုးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း**

၁။ ယခုအခါ ကမ္ဘာနှင့်အဝှမ်းဖြစ်ပေါ်လျက်ရှိသော Coronavirus Disease 2019(COVID-19) ကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုလျော့နည်း သက်သာစေရန်နှင့် ရုံးလုပ်ငန်းများတွင် လူအချင်းချင်းထိတွေ့ ဆောင်ရွက်မှုများအား လျှော့ချနိုင်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် (၁၀-၉-၂၀၂၀)ရက်နေ့မှ (၃၀-၁၂-၂၀၂၀)ရက်နေ့အတွင်း သက်တမ်းကုန်ဆုံးမည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်များအား ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များအနေဖြင့် ရုံးသို့ကိုယ်တိုင် လာရောက်လျှောက်ထားရန်မလိုအပ်ဘဲ Registration စနစ်မှ(၃၁-၁၂-၂၀၂၀)ရက်နေ့အထိသက်တမ်းယာယီတိုးမြှင့်ပေးခြင်းအား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များအနေဖြင့် ရုံးသို့ကိုယ်တိုင် လာရောက်လျှောက်ထားရန်မလိုအပ်ဘဲ ဌာနအနေဖြင့် Registration စနစ်မှ ဆောင်ရွက်ပေးခြင်းဖြစ်ပါ၍ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်သက်တမ်းတိုးကတ်ကိုလည်း ထုတ်ပေးမည်မဟုတ်ပါ။

၃။ ဤကဲ့သို့ဆောင်ရွက်ရာတွင် ယာယီသက်တမ်းတိုး ကုန်ဆုံးသည့်အချိန်တွင် ကုမ္ပဏီများမှ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် သက်တမ်းတိုး လာရောက်လျှောက်ထားပါက သတ်မှတ်သက်တမ်း(၅)နှစ်တွင် ယာယီတိုးပေးထားသည့် သက်တမ်းကာလအား ထည့်သွင်းတွက်ချက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သက်တမ်းတိုးကြေးအား သတ်မှတ်နှုန်းထားအတိုင်း ကောက်ခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**